# ငယ်ရွယ်စဉ်အကူအညီ ရယူခြင်းသည်

**ကွဲပြားခြားနားစေပါသည်။**

## မိဘများအနေဖြင့် မည်သည့် နေရာတွင် အကူအညီ ရယူနိုင်သနည်း။

သင့်နိုင်ငံရှိ ငယ်ရွယ်စဉ်ကုသခြင်း ပရိုဂရမ် (Early Intervention Program) ထံ ဖုန်းခေါ် ဆိုပါ။ သင့်ကလေး၏ ဖွံ့ဖြိုးမှုကို အကဲဖြတ်ရန်အတွက် သင့်အား တစ်စုံတစ်ဦးနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။ ထို့နောက် သင့်ကလေးသည် သတ်မှတ်ချက်နှင့် ပြည့်မီပါက ငယ်ရွယ်စဉ်ကုသခြင်း ပရိုဂရမ်နှင့်အတူ သင်သည် မိသားစုဇဟိုပြု အစီအစဉ်တစ်ရပ်ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

## မည်သည့်အကူအညီ ကို ရရှိနိုင်မည်နည်း။

သင့်ကလေး ကြီးထွား၊ ဖွံ့ဖြိုးမှုတွင် အထောက်အကူဖြစ်စေရန်၊ သင့်အား ကူညီပံ့ပိုးရန်နှင့် သင့်ကလေး၏ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်အလို့ငှာ ငယ်ရွယ်စဉ်ကုသခြင်း ဝန်ဆောင်မှုများကို ပေးဆောင်ပါသည်။ အဆိုပါဝန်ဆောင်မှုများတွင် အကဲဖြတ်ခြင်း ဝန်ဆောင်မှုများ (အကြားအာရုံနှင့် အမြင်အာရုံ စစ်ဆေးခြင်း ကဲ့သို့သော)၊ အိမ်အရောက် ကုသမှု၊ စကားပြော၊ ရုပ်ပိုင်းဆိုင်ရာနှင့် အခြားသော ကုထုံးများ၊ ကလေးဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့များ၊ မိသားစုဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းနှင့် တစ်ခါတစ်ရံတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အကူအညီတို့ ပါဝင်ပါသည်။ အဆိုပါဝန်ဆောင်မှုများကို သင် အိတ်စိုက်ရန်မလိုဘဲ ပေးဆောင်ပါသည်။

## မည်သည့်ကလေးများသည် ငယ်ရွယ်စဉ် အကူအညီရယူ ခြင်းကို လိုအပ်သနည်း။

ဖွံ့ဖြိုးမှု နှောင့်နှေးခြင်းနှင့် မသန်စွမ်းမှု ခံစားနေရသော သို့မဟုတ် ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုရှိသည့် အခြေအနေရှိသော မွေးစမှ အသက်သုံးနှစ်အထိ ကလေးများသည် အကူအညီ လိုအပ်နိုင်ပါသည်။

## မည်သူ့ထံ ဖုန်းခေါ် ဆိုရမည်နည်း။

သင့်ကောင်တီ၏ ပရိုဂရမ်ဆိုင်ရာ ဖုန်းနံပါတ်အတွက် **နယူးယောက်ပြည်နယ် "Growing Up Healthy"** 24-နာရီ အရေးပေါ် ဖုန်းလိုင်းထံ **1-800-522-5006** သို့ ခေါ် ဆိုပါ

နယူးယောက်မြို့တွင် **311** သို့ ခေါ် ဆိုပါ

အကယ်၍ သင်သည် **New York City Early Intervention Program** ထံသို့ နယူးယောက်မြို့ပြင်ပမှ ဖုန်းခေါ် ဆိုခြင်းဖြစ်ပါက **212-639-9675** သို့ ခေါ် ဆိုပါ

သို့မဟုတ် သင်သည် **New York Parent and Kin Connection အကူအညီပေးရေး ဖုန်းလိုင်းထံ**
**1-800-345-KIDS** (1-800-345-5437) သို့ ခေါ် ဆိုနိုင်ပါသည် ဤဝန်ဆောင်မှုအပြင် အခြားသော ကလေးနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ တနင်္လာမှ သောကြာနေ့ နံနက် 9 နာရီမှ ညနေ 5 နာရီအထိ။

သို့မဟုတ် **နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန ဝဘ်စာမျက်နှာ** ထံ
**www.health.ny.gov/community/infants_children/early_intervention/** သို့ ဝင်ရောက်ကြည့်ရှုပါ

# ငယ်ရွယ်စဉ်အကူအညီ ရယူခြင်းသည်

**ကွဲပြားခြားနားစေပါသည်။**

ကလေးများသည် မတူကွဲပြားစွာ လေ့လာသင်ယူပြီး ဖွံ့ဖြိုးပါသည်။ ကလေးငယ်တစ်ဦးသည် အခြားကလေးငယ်တစ်ဦးထက်အရင် လမ်းလျှောက်နိုင်ပြီး အခြားတစ်ဦးသည် အရင် စကားပြောနိုင်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါကွဲပြားခြားနားမှုများသည် တူညီသွားမည် ဖြစ်ပါသည်။

သင်၏မွေးကင်းစ ကလေးငယ် သို့မဟုတ် လမ်းလျှောက်တတ်ခါစ ကလေး၏ ထပ်လောင်းအကူအညီလိုအပ်နိုင်သည့် လက္ခဏာများအား အတွင်းတွင်ပါရှိသော စစ်ဆေးရန်စာရင်းတွင် ကြည့်ရှုပါ။ သင့်ကလေးငယ်၏ ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများရှိပါက အကူအညီ စောစောစီးစီးရယူလေ ပိုကောင်းလေ ဖြစ်သည်။ ငယ်ရွယ်စဉ် အကူအညီရယူခြင်းသည် ကွဲပြားခြားနားစေပါသည်။

Growing Up Healthy
24-နာရီ အရေးပေါ် ဖုန်းလိုင်း
**1-800-522-5006**

နယူးယောက်မြို့
**311**
သို့မဟုတ် 212-639-9675

New York Parent and Kin Connection အကူအညီပေးရေး ဖုန်းလိုင်း
**1-800-345-KIDS**
(1-800-345-5437)

နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန
မိသားစုကျန်းမာရေးဌာနခွဲ
ငယ်ရွယ်စဉ်ကုသခြင်း ဗျူရို
**http://www.health.ny.gov/community/infants_children/early_intervention/**

ထပ်လောင်းအချက်အလက်များ ရရှိနိုင်စေရန်အတွက် သင်၏ဒေသဆိုင်ရာ ငယ်ရွယ်စဉ်ကုသခြင်း အရာရှိထံ ဆက်သွယ်ပါ-

NEW YORK STATE | Department of Health

0523 (Burmese) 10/11

နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန
ငယ်ရွယ်စဉ်ကုသခြင်း ပရိုဂရမ်


# ငယ်ရွယ်စဉ်အကူအညီ ရယူခြင်းသည်

**ကွဲပြားခြားနားစေပါသည်။**

မိဘများအနေဖြင့် မည်သည့်နေရာတွင် အကူအညီရယူနိုင်သနည်း။
မည်သည့်အကူအညီကို ရရှိနိုင်မည်နည်း။
မည်သည့်ကလေးများသည် ငယ်ရွယ်စဉ် အကူအညီရယူခြင်းကို လိုအပ်သနည်း။
မည်သူ့ထံ ဖုန်းခေါ် ဆိုရမည်နည်း။

# ကလေးငယ်များ ကြီးထွားမှုဆိုင်ရာ စစ်ဆေးရန်စာရင်း


ဤသည်မှာ မွေးစမှ အသက်သုံးနှစ်အထိ သင့်ကလေး လုပ်ဆောင်မည်ဟု သင်မျှော်လင့်ထားနိုင်သည်များ ဖြစ်ပါသည်။ သင့်ကလေးငယ်၏ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများရှိပါက သင်၏ဒေသဆိုင်ရာ ငယ်ရွယ်စဉ်ကုသခြင်း ပရိုဂရမ်သို့ ဖုန်းခေါ် ဆိုပါ။



## 3 လ

အသက်**သုံးလ**အရွယ်တွင် ကလေးငယ်အများစုသည်-

- ☐ ၎င်းတို့၏ခေါင်းကို တောက်ပသော အရောင်များနှင့် မီးရောင်များဘက်သို့ လှည့်သည်
- ☐ အာရုံစိုက်နေစဉ်အချိန်အတွင်း "မျက်စိမစွေတော့ပါ"။ ၎င်းတို့၏မျက်လုံးများကို တစ်ကြိမ်လျှင် တူညီသော ဦးတည်ဘက်တစ်ခုသို့ ရွှေ့သည်။
- ☐ နို့ဘူး သို့မဟုတ် မိခင်နို့ကို ခွဲခြားသိရှိသည်
- ☐ ၎င်းတို့မိခင်၏အသံကို တုံ့ ပြန်သည်
- ☐ ခိုးခိုးခစ်ခစ်အသံများ ပြုလုပ်သည်
- ☐ ၎င်းတို့၏လက်များကို အတူစုထားသည်
- ☐ ၎င်းတို့၏လက်များနှင့် ခြေထောက်များကို ခါယမ်းပြီး ဆန့်ထုတ်သည်
- ☐ မှောက်လျက်နေနေစဉ် ၎င်းတို့၏ခေါင်းကို မ,နိုင်သည်
- ☐ အသံ အထူးသဖြင့် စကားပြောသံကို တုံ့ ပြန်သည့်အနေဖြင့် အသံတိတ်သွားသည်
- ☐ ပြုံးသည်



## 6 လ

အသက်**ခြောက်လ**အရွယ်တွင် ကလေးငယ်အများစုသည်-


- ☐ ရွေ့လျားနေသည့် အရာဝတ္ထုများကို မျက်လုံးဖြင့် လိုက်ကြည့်သည်
- ☐ ပုံမှန်အသံလာရာဖက်သို့ လှည့်ကြည့်သည်
- ☐ အရာဝတ္ထုများကို လက်လှမ်းပြီး ကောက်ယူသည်
- ☐ အရုပ်များကို လက်တစ်ဖက်မှ အခြားလက်တစ်ဖက်သို့ လက်ပြောင်းသည်
- ☐ ၎င်းတို့၏ခြေချောင်းများဖြင့် ဆော့ကစားသည်
- ☐ အစာကျွေးနေစဉ် ပုလင်းကို ကူ၍ ကိုင်ထားသည်
- ☐ ရင်းနှီးသော မျက်နှာများကို မှတ်မိသည်
- ☐ စကားပြောအသံများကို တုပသည်
- ☐ နူးညံ့သော အသံများ၊ အထူးသဖြင့် စကားပြောဆိုခြင်းကို တုံ့ ပြန်သည်
- ☐ လိမ့်သည်



## 12 လ

အသက်**12 လ**အရွယ်တွင် ကလေးငယ်အများစုသည်-


- ☐ စထိုင်သည်
- ☐ မတ်တပ်ရပ်ရန် ဆွဲထသည်
- ☐ အကူအညီမပါဘဲ မတ်တပ်ခဏရပ်သည်
- ☐ တွားသွားသည်
- ☐ အရွယ်ရောက်သူများ ခွက် သို့မဟုတ် တယ်လီဖုန်း အသုံးပြုခြင်းကို အတုခိုးသည်
- ☐ တူတူရေဝါးနှင့် လက်ရိုက်တမ်းတို့ကို ဆော့ကစားသည်
- ☐ တာ့တာပြသည်
- ☐ အရာဝတ္ထုများကို ဘူးတစ်ခုအတွင်း ထည့်သည်
- ☐ အနည်းဆုံး စကားလုံးတစ်လုံးကို ပြောသည်
- ☐ "ဖေဖေ" သို့မဟုတ် "မေမေ" ဟူသော အသံများကို ပြုလုပ်သည်



## 18 လ

အသက်**18 လ**အရွယ်တွင် ကလေးငယ်အများစုသည်-

- ☐ အရာဝတ္ထုများအား တွန်းရ၊ ဆွဲရသည်ကို နှစ်သက်သည်
- ☐ အနည်းဆုံး စကားလုံးခြောက်လုံးကို ပြောဆိုသည်
- ☐ ရိုးရှင်းသော ညွှန်ကြားချက်များ ("ဘောလုံးယူခဲ့") ကို လိုက်နာသည်
- ☐ ၎င်းတို့၏ရှူးဖိနပ်များ၊ ခြေအိတ်များနှင့် အနွေးလက်အိတ်များကို ဆွဲချွတ်သည်
- ☐ စာအုပ်တစ်အုပ်ရှိ သင်ပြောသော ရုပ်ပုံကို ညွှန်ပြနိုင်သည်
- ☐ ၎င်းတို့ဘာသာ စားသောက်သည်
- ☐ ရောင်စုံခဲတံများဖြင့် စာရွက်တွင် အမှတ်အသားများ ပြုလုပ်သည်
- ☐ အကူအညီမပါဘဲ လမ်းလျှောက်သည်
- ☐ နောက်ပြန်လမ်းလျှောက်သည်
- ☐ ပစ္စည်းများကို တောင်းဆိုရန် ညွှန်ပြသည်၊ အသံများ ပြုလုပ်သည် သို့မဟုတ် စကားလုံးများကို အသုံးပြုသည်
- ☐ ၎င်းတို့မလိုချင်သောအရာများကို "ဟင့်အင်း" ဟုပြောသည်၊ ခေါင်းယမ်းသည် သို့မဟုတ် တွန်းထုတ်သည်



## 2 နှစ်

အသက်**နှစ်နှစ်**အရွယ်တွင် ကလေးငယ်အများစုသည်-

- ☐ စကားလုံးနှစ်လုံးမှ သုံးလုံးပါဝင်သော စာကြောင်းများကို အသုံးပြုသည်
- ☐ စကားလုံး ၅၀ လုံးခန့်ကို ပြောဆိုသည်
- ☐ ရင်းနှီးသော ရုပ်ပုံများကို မှတ်မိသည်
- ☐ ဘောလုံးကို ရှေ့သို့ကန်သည်
- ☐ ၎င်းတို့ဘာသာ ဇွန်းဖြင့် စားသောက်သည်
- ☐ သင်၏အာရုံစိုက်မှုကို အလွန်တောင်းဆိုသည်
- ☐ စာမျက်နှာ နှစ်မျက်နှာ သို့မဟုတ် သုံးမျက်နှာကို အတူတကွ လှန်သည်
- ☐ ၎င်းတို့၏မိဘများအား အတုခိုးရသည်ကို နှစ်သက်သည်
- ☐ ညွှန်ပြခြင်းဖြင့် ၎င်းတို့၏ဆံပင်၊ မျက်လုံးများ၊ နားရွက်များနှင့် နှာခေါင်းတို့ကို ခွဲခြားသိရှိသည်
- ☐ ဘလောက်တုံးလေးတုံးဖြင့် တာဝါ ဆောက်သည်
- ☐ ခင်တွယ်မှုကို ပြသသည်



## 3 နှစ်

အသက်**သုံးနှစ်**အရွယ်တွင် ကလေးငယ်အများစုသည်-

- ☐ ဘောလုံးကို ပခုံးပေါ် သို့မြှောက်၍ ပစ်သည်
- ☐ သုံးဘီးစက်ဘီး စီးသည်
- ☐ ၎င်းတို့၏ရှူးဖိနပ်များကို ဝတ်သည်
- ☐ တံခါးဖွင့်သည်
- ☐ တစ်ကြိမ်လျှင် စာမျက်နှာတစ်မျက်နှာ လှန်သည်
- ☐ အခြားကလေးများနှင့်အတူ မိနစ်အနည်းငယ်ကြာ ဆော့ကစားသည်
- ☐ ပုံမှန်ကာရန်များကို ထပ်ခါထပ်ခါ ပြောဆိုသည်
- ☐ စကားလုံးသုံးလုံးမှ ငါးလုံးပါဝင်သော စာကြောင်းများကို အသုံးပြုသည်
- ☐ အနည်းဆုံး အရောင်တစ်ရောင်ကို မှန်ကန်စွာ ပြောသည်

သင့်ကလေးသည် အဆိုပါအရာအချို့ကို လုပ်ဆောင်ရာတွင် ပြဿနာရှိပါက တစ်စုံတစ်ဦးနှင့် ပြောဆိုဆွေးနွေးရန် စိတ်အေးအေးထားပါ။ ငယ်ရွယ်စဉ် အကူအညီရယူခြင်းသည် ကွဲပြားခြားနားစေပါသည်။
သင့်ဆရာဝန်နှင့် ပြောဆိုဆွေးနွေးပါ သို့မဟုတ် သင်၏ဒေသဆိုင်ရာ ငယ်ရွယ်စဉ်ကုသခြင်း ပရိုဂရမ်ထံ ဖုန်းခေါ် ဆိုပါ။